လက်ပံဆိပ်ကျေးရွာ

လက်ပံဆိပ်ကျေးရွာအုပ်စု

မြစ်သားမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၂ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်ပံဆိပ်ကျေးရွာ၊ မြစ်သားမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	လက်ပံဆိပ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မြစ်သားမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာမီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မရေးရာ ကိစ္စရပ်များ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက် လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၅

	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	၁၆
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၇
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၉
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇ / ၁၈ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂ / ၂၃ ခုနှစ်အထိ (၇)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးပါသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက် နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေး ရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း

အချက်အလက်များ ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း

တိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက် ဖွံ့ဖြိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

အောက်တိုဘာလ ၊ ၂၀၂၂ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်ပံဆိပ်ကျေးရွာ

မြစ်သားမြို့နယ်

၁. မြစ်သားမြို့နယ်၊ လက်ပံဆိပ်ကျေးရွာအုပ်စု၊ လက်ပံဆိပ်ကျေးရွာ၏ သယံဇာတပြဓေမြေပုံ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

လက်ပံဆိပ်ကျေးရွာသည် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် လက်ပံဆိပ် ကျေးရွာအုပ်စု၊ မြစ်သားမြို့၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် လက်ပံဆိပ်(မ)ကျေးရွာ၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ တောင်ဘက်တွင် အုပ်ရှစ်ကုန်းကျေးရွာနှင့် အနောက်မြောက်ဘက်တွင် ကူဖြူကျေးရွာတို့ တည်ရှိပါသည်။ လက်ပံဆိပ်ကျေးရွာသည် အပူပိုင်း မိုးနည်း ရပ်ဝန်းဒေသတွင် ပါဝင်ပါသည်။ မြေမျက်နှာ သွင်ပြင်အနေထားမှာ မြေပြန့်ဒေသ ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုအနေဖြင့် နယုန်၊ ဝါဆိုလမှ သီတင်းကျွတ်လအထိ မိုးရွာသွန်းမှုများပြီး တန်ဆောင်မုန်းမှ တန်ခူး၊ ကဆုန်လများအထိ ပွင့်လင်းရာသီဥတု ဖြစ်ပါသည်။ ကျေးရွာအနီးတွင်တောင်တန်းများ နှင့် သစ်တောများမရှိပါ။ လယ်ကွင်းများသာရှိပြီး သဘာဝပေါက်ပင်များမှာမရှိသလောက် ရှားပါးပါသည်။ ကင်းတားဆည်မှ တစ်နှစ်ပတ် လုံးလိုလို ရေပေးဝေမှုများကြောင့် သီးနှံများ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင် လယ်/ယာမြေများရှိ၍ စပါး၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ ဝါနှင့် နှမ်း စသောသီနှံများ စိုက်ပျိုး ကြပါသည်။ နွေစပါး၊ မိုးစပါးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးနိုင်သော လယ်မြေက (၇၁.၅)ဧကနှင့် ယာမြေက(၁၁)ဧက စုစုပေါင်း (၈၂.၅)ဧက ရှိပါသည်။ ပြောင်းပြောမြောင်းမှ စိုက်ပျိုးရေ ရရှိ စိုက်ပျိုးပါသည်။ စိုက်ပျိုးရေ ရရှိ၍ တစ်နှစ်ပတ်လုံး ရရှိသော်လည်း လုံလောက်မှု အသင့်အတင့်သာ ရရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း ၊ အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများတွင် ပိုင်းဝန်း ဆောင်ရွက်ရန် လူငယ်အဖွဲ့ပရဟိတအသင်း၊ ဂေါပက၊အမျိုးသမီးရေးရာ၊ဓမ္မစကြာဝတ်အသင်း၊ ကျောင်း အကျိုးတော်ဆောင်ကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မီးလင်းရေးကော်မတီစသော အသင်း အဖွဲ့များ ရှိကြပါသည်။ ကျေးရွာမှ စုပေါင်း၍ ရပ်မိ/ရပ်ဖ သာရေး/နာရေး လူမှုကူညီရေး အဖွဲ့များရှိ သည့်အတွက် တစ်ရွာလုံး၏ သာရေး/နာရေး ကိစ္စရပ် များကိုပိုင်းဝန်း ကူညီဆောင်ရွက်

ပေးပါသည်။ ကျေးရွာတွင် သာရေး/နာရေး လူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လျှင်ရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက်သော အလေ့အကျင့် ကောင်းများ ရှိပါသည်။ ပြင်ပမှ အသေးစား ချေးငွေအဖွဲ့ များနှင့် ခြံုငုံ၍သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်း များကအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်း စနစ် မရှိပါ။ ဖွံ့ဖြိုးမှု အသိအမြင် အားနည်းပါသည်။

၄။ စိုက်ပျိုးရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။ နှစ်စဉ် စပါး၊ ကြက်သွန်၊ ဝါ၊ ပဲအမျိုးမျိုးနှင့် နှမ်းစသည်များကိုစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေကော (၉၇.၅)ဧကော ရှိပါသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် စပါး ဖြစ်ပါသည်။ ကျေးရွာတွင်မိုးစပါးကို ဇွန်နှင့်ဇူလိုင်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်း ကြပါသည်။ စပါးအထွက်နှုန်းမှာတစ်ဧကပျမ်းမျှတင်း ၆၀ မှ ၈၅ ထိ အထွက်နှုန်း ရှိပါသည်။

လယ်ယာမြေများရှိပြီးစိုက်ပျိုးရေ အသင့်အတင့်လုံလောက်စွာ ရရှိခြင်းကြောင့်သီးနှံများ စိုက်ပျိုးထုတ် လုပ်ရန်အခွင့်အလမ်းကောင်းများရှိပါသည်။ ထို့ကြောင့်စိုက်ပျိုးရေ ပုံမှန်ရရှိနေခြင်းကြောင့် တစ်နှစ်သုံးသီးစားအထိ စိုက်ပျိုးနိုင်ခြင်းသည် ကျေးရွာအတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။

အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့်ကျေးရွာမှ နွားအကောင်ရေ (၁၀) ကောင်၊နို့စားနွားအကောင်ရေ (၅၈) ကောင်နှင့် ဆိတ် အကောင်ရေ (၁၈၃) ကောင်ခန့်တို့ ခန့်မှေးမြူကြပါသည်။ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်မှုနည်းသည်ကို တွေ့ရပါသည်။ကျေးရွာတွင် အိမ်ဆိုင်(၂)ဆိုင်၊ ဆံပင်အလှပြင်/စက်ချုပ်သူ(၂)ဦး၊ ပန်းရံ/လက်သမားလုပ်ကိုင်သူ(၃)ဦးနှင့် ယာဉ်စက်ကိရိယာ မောင်းနှင့် လုပ်ကိုင် သူ(၁)ဦးခန့်ရှိပါသည်။ ကျေးရွာ တွင်ဆိုင်ကယ်ပြုပြင်ရေးဆိုင် မရှိသေးပါ။

(ခ) မွေးမြူရေးလုပ်ငန်း

လက်ံဆိပ်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၅) အိမ်ရှိပြီး၊ အကောင်ရေမှာ (၁၀)ကောင် ၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု (၁၃)စုမှ (၅၈)ကောင် ၊ အိမ်ထောင်စု (၃)စုမှာ ဆိတ်(၁၈၃)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့် ပတ်သက်သည့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အနည်းငယ်သာရှိ သဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့ အကြုံ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

လက်ံဆိပ်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သည့် လုပ်ငန်းများဖြင့် အသက်မွေးဝမ်း ကျောင်းပြုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းပညာနှင့် အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရရှိသဖြင့် အလုပ်နှင့် လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် သွားရောက်လုပ်ကိုင်နေရခြင်းကြောင့် လုပ်သား အင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်း ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုများအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ကေလျှင်(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ငွေထုတ်

ချေးပေးပါသည်။ သမဝါယမဦးစီးဌာနမှသမချေးငွေများလည်း ရရှိပါသည်။ အခြားအသေးစား ပုဂ္ဂလိက ချေးငွေများဖြစ်သော မြကျွန်းသာ စသော ချေးငွေအမျိုးအစားများလည်း ရှိပါသည်။ မြကျွန်းသာချေးငွေသည် အသင်းဝင်များအားလုံးအား အနည်းဆုံးကျပ် (၁၀၀၀၀၀)မှ ကျပ် (၄၀၀၀၀၀၀) အထိ ချေးယူနိုင်ပြီး ငွေတစ်ရာကျပ်လျှင် အတိုးနှုန်း(၂)ကျပ် ပြားငါးဆယ်နှုန်းဖြင့် ချေးပေးပါသည်။ ချေးငွေအား(၁၂)လဖြင့် အကျေပေးဆပ်ရပြီး အတိုး+အရင်းအား (၁၄)ရက်တစ်ပတ် ပေးဆပ်ရပါသည်။တောင်သူ လယ်သမားများသာမကဘဲ အခြား အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင်၊ မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများ ရရှိရန် လိုအပ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်ဘီး (၅၅)စီး၊ မော်တော်ဆိုင်ကယ်(၄၇)စီး ၊ နွားလှည်း (၄)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပြီး လယ်ယာ ထွက်ကုန် များကိုမူ နွားလှည်းဖြင့် သယ်ယူပို့ဆောင်ကြပါသည်။

ကျေးရွာတွင်းတွင် မြေသားလမ်း (၄)လမ်းရှိပြီး ၊ မြေသားလမ်းများကို ကျေးရွာသူ ကျေးရွာသားများ၏ လုပ်အားဖြင့် တတ်စွမ်းသလောက် ပြုပြင်ဆောင်ရွက်ထားရှိသော်လည်း မိုးတွင်း ကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ ၊ ချို့ငဲ့များဖြင့်သာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် အိမ်ထောင်စု (၆၀)စုရှိပြီး မဟာဓါတ်အားလိုင်းကိုအသုံးပြုသူ အိမ်ထောင်စု (၄၆) အိမ်ထောင်စုရှိပြီး ၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု(၁၄)စုရှိပြီး ထိုအိမ်ထောင်စုများသည် လျှပ်စစ်မီး လုံးဝအသုံးမပြုနိုင်သော အိမ်ထောင်စုများ ဖြစ်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး

မရရှိသည့်အတွက် အိမ်ထောင်စုများအတွက် လုပ်ငန်းများ နှောက်နှေးခြင်း၊ ကျောင်းသားများ စာကြည့်ရာတွင်လည်း အခက်အခဲများ ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လက်ံဆိပ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၆၀)လုံး၊ ရေဒီယို (၁)လုံး၊ တီဗွီ (၂၁)လုံး၊ ဂြိုလ်တုစလောင်း (၂၁)လုံး စသည်တို့မှ ရရှိသည့်အတွက် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ။

၆။ ပညာရေး

လက်ံဆိပ်ကျေးရွာ၏ မူလတန်းပညာသင်ကြားမှုအနေဖြင့် ကျေးရွာတွင် မူလတန်းကျောင်း မရှိသော်လည်း ကျေးရွာအနီးရှိ လက်ံဆိပ်(မ)ကျေးရွာ၏ မူလတန်းကျောင်းသို့ သွားရောက်ပညာကြားကြရပါသည်။ ကျေးရွာသည် အလယ်တန်းနှင့် အထက်တန်းပညာများကိုလည်း လက်လှမ်းမီစွာ သင်ကြားနေရသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် စာလုံးဝ မတတ်မြောက်သူ မရှိပါ။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၈.၅၄) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၇.၃၇) ရာခိုင်နှုန်း ၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၈.၉၂) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၅.၁၆) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ တွင် လူ့စွမ်းအားအရင်းမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ကျေးရွာရှိ ကိုဗစ်ကာကွယ်ဆေးထိုးရန်

အသက်ပြည့်မီသူများအား ကိုဗစ်-၁၉ကာကွယ်ဆေးများ လာရောက် ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျေးလက်ဆေးပေးခန်းမှာ ကျေးရွာနှင့် (၀.၅)မိုင်ခန့် သာ ဝေးကွာခြင်းနှင့် မြို့နယ်ဆေးရုံနှင့် ကျေးရွာနှင့်မြို့နယ်ဆေးပေးခန်းမှာ (၅)မိုင်ကျော်ခန့် ရှိသည်။ ကူမဲ ၊ မြစ်သားမြို့နှင့် နီးပြီးအလွယ်အတူ သွားလာနိုင်ခြင်းကြောင့် အရေးပေါ်အခြေအနေများတွင် မြို့ဆေးရုံများသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများစွာ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို အဝီစိတွင်း (တုံကင်) (၄၁)တွင်းနှင့် အဝီစိတွင်း (စက်တပ်) (၁၉)တွင်းရှိသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာကို အသုံးပြုသည့် အိမ်ထောင်စု (၆၀) ရှိပြီး အခြားအသုံးပြုသော အိမ်ထောင်စုများ မရှိပါ။ ကျေးရွာသည် ကျန်းမာရေးအသင့်အတင့် နားလည်မှု ရှိသည့်အတွက် ယင်လုံအိမ်သာများ အများဆုံး အသုံးပြုကြပြီး အချို့အိမ်ထောင်ခွဲငယ်များသည် မိဘများနှင့် အတူ ပေါင်း၍ အသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လက်ပံဆိပ်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများ ၊ လက် လုပ် လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများ သည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများတွေ့ပါက အခြားအိမ်ထောင် စုများ ထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူပါသည်။

လက်ပံဆိပ်ကျေးရွာတွင်သွေးတိုးနှင့် ဆီးချိုရောဂါဖြစ်ပွားသည့် လူနာအနည်းငယ် ရှိပါသည်။ တိရိစ္ဆာန်များသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေး ရောဂါများဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား- မရော ကိစ္စရပ်ဆိုင်ရာ

လက်ပံဆိပ်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှု အပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော်လည်း ကျေရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာပေးများ အားနည်း ကြပါသည်။

၁၀. ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - လက်ပံဆိပ်			ကျေးရွာအမည် - လက်ပံဆိပ်	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု ၊ စာရင်းကိုင် စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းသင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှားရောဂါကာကွယ် နှိမ်နင်းရေးနည်းပညာသင်တန်း ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	မွေးမြူရေးနှင့် ငါး လုပ်ငန်း မွေးမြူရေး ဆေးပညာ	တိရိစ္ဆာန်မွေးမြူရေး	မြို့နယ်မွေး/ကု ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း	
၆	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း	
၇	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိအောင် ချိတ်ဆက်ခြင်း	

၈	ပညာရေး	ကျောင်းအဆောက်အဦ ၊ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင်သစ် တစ်ဆောင် တည်ဆောက်ခြင်း၊ ကျောင်းသားကျောင်းသူများအတွက် စာရေးခုံများ လိုအပ်ခြင်း၊	
၉	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	(၁) ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း ပေအရှည်(၁၀၀၀)ပေ အကျယ် ၁၂ပေ	
၁၀	အခြေခံအဆောက်အဦ	လျှပ်စစ်မီးသွယ်တန်းခြင်း	(၁) ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။	
၁၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	(၁) ကျေးရွာတွင်းလမ်းသွယ် မြေသားလမ်း (၄) ကျင်းခင်းခြင်း (၁၅၀၀ပေ)	
၁၂	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်း	(၁) ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း၊	
၁၃	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရားဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း	

လက်ပံဆိပ်ကျေးရွာ၊ လက်ပံဆိပ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်လင်းဦး	ဦးသောင်းဟန်	၉/မသန(နိုင်) ၁၀၆၅၀၅	၅၁	ဥက္ကဋ္ဌ	၀၉ - ၉၈၈၂၅၉၉၀
၂	ဦးမောင်ထွန်း	ဦးသိန်ဟန်	၉/မသန(နိုင်) ၀၆၁၉၉၀	၅၁	အတွင်းရေးမှူး	၀၉ - ၇၅၂၆၆၄၈၈၈
၃	ဒေါ်ခင်စန်းမော်	ဦးထွန်းတင်	၉/မသန(နိုင်) ၁၀၁၉၈၆	၄၈	ဘဏ္ဍာရေးမှူး	၀၉ - ၇၆၅၀၃၀၂၀၂
၄	ဦးတင်ညွန့်	ဦးချစ်မောင်	၉/မသန(နိုင်) ၀၆၁၉၂၅	၅၇	စာရင်းကိုင်(၁)	၀၉ - ၆၇၇၄၇၁၅၂၅
၅	ဒေါ်လှရင်ဝင်း	ဦးတင်ငွေ	၉/မသန(နိုင်) ၁၀၁၉၉၁	၄၈	သော့ကိုင်(၁)	-
၆	ဒေါ်ဝေဝေထွန်း	ဦးထွန်းဝင်း	၉/မသန(နိုင်) ၁၉၈၄၈၂	၃၆	သော့ကိုင်(၂)	၀၉ - ၈၈၈၉၄၁၉၉၂
၇	ဦးတင်မျိုးဝင်း	ဦးသောင်းညွန့်	၉/မသန(နိုင်) ၁၁၆၅၀၂	၃၅	ဝယ်ယူရေးဥက္ကဋ္ဌ	၀၉ - ၄၄၀၄၃၇၉၈၀

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	-	၁	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၁	၉	၂၀	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၄	၁၃	၂၇	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၉	၃	၁၂	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၇	၈၄	၁၆၁	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၉	၁၃	-	-
စုစုပေါင်း		**၁၁၆**	**၁၁၈**	**၂၃၄**	**-**	**-**
စုစုပေါင်း အိမ်ထောင်စု		**၆၀**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ လက်ပံဆိပ်ကျေးရွာတွင် အိမ်ထောင်စု (၆၀)စု ၊ လူဦးရေ (၂၃၄)ဦး ရှိပါသည်။ လက်ပံဆိပ်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၀.၄၃%) ၊ ၅နှစ်အောက် ကလေးငယ် အရွယ် (၈.၅၅%) ၊ မူလတန်းကျောင်းသား အရွယ် (၁၁.၅၄%)၊ အလယ်တန်းကျောင်းသားအရွယ် (၅.၁၃%) ၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၈.၈%) ၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၅၅%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၁.၂ %)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၇၇)ဦး၊ မ (၈၄)ဦး စုစုပေါင်း (၁၆၁)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၈.၈%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၉	၅၂	၃	၂၄	၂၈		မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၉		၅	၄	၁၆	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၄	မြင့် ☐ လတ်☐ နိမ့် ✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း						၂	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၇	၁	၂	၅		မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း						၁	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၄		၂	၂		မြင့် □ လတ်□ နိမ့် □
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၆	၈၅	-	၄၁	၄၄	၃	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၂	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၆၀	၁၅၇	၄	၇၄	၇၈	၂၈	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ - “**စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါကအဆိုပါလုပ်ငန်း တွင်ကိုယ်ပိုင်လုပ်ငန်း

တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ လက်ပံဆိပ်ကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိကအားထား လုပ်ကိုင်ကြသော ကျေးရွာဖြစ်ပြီး အခြားလုပ်ငန်းများမှာ မွေးမြူရေး၊ လက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်များ၊ ဆောက်လုပ်ရေး ၊ ပန်းရံ/လက်သမား လုပ်ငန်းများ၊ ယာဉ်၊ စက်ကိရိယာ လုပ်ကိုင်သူများ၊ အပ်ချုပ်လုပ်ကိုင်သူများ၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများနှင့် ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများလည်း အနည်းငယ်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၈၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (**လစာ÷၂၂.၇၅**)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ×၈**)

လေ့လာတွေ့ရှိချက်။။။ လက်ပံဆိပ်ကျေးရွာ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှု ပေါ်မူတည်ပြီး ကျား၊မ ဝင်ငွေကွာခြားရခြင်းမှာလည်း အားစိုက်ထုတ်မှုအပေါ် မူတည်ပါသည်။ အလုပ်အကိုင် အမျိုးအစား အားလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပိုမို၍ လုပ်အားခနှုန်းထား ပိုမိုရရှိကြပါသည်။ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်း

တွင် အမျိုးသားလုပ်ကိုင်သူများသာရှိပြီး လက်လီ-လက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် လုပ်သားငှားရမ်းလုပ်ကိုင်ခြင်းမရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၇၁.၅	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၁	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၂.၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ လက်ပံဆိပ်ကျေးရွာတွင် စိုက်ပျိုးနိုင်သည့် လယ်ယာမြေများရှိသော်လည်း တောင်သူများ မြေဆီဩဇာများ သုံးစွဲမှု အသိပညာအားနည်းခြင်းကြောင့် သွင်းအားစု သုံးစွဲမှု မမျှတခြင်းကြောင့် မြေဆီဩဇာလျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်	များ ☐ သင့်☐ နည်း ☐	လွယ် ☐ ခက်☐	လျော့ ☐ တိုး ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	မရှိ ☐✓	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☐✓	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☐✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐✓	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☐✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☐✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☐✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☐✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် မြစ်၊ချောင်းများမှ ကျောက်၊သဲ၊ကျောက်စရစ်များ ထုတ်ယူသုံးစွဲနိုင်ခြင်း မရှိသော်လည်း သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၁	၅	၂၉	၁၅

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။။။ လက်ပံဆိပ်ကျေးရွာတွင် အလယ်အလတ်အဆင့်နှင့် အလွန်မပြေလည်သော အိမ်ထောင်စု အများအပြား ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် ပန်းရံ ၊ လက်သမား လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနှုတ်ရာသီအလိုက် ကြံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြစ်မှသာလျှင်အထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ .....

.....

.....

.....

.....

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြစ်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၄		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၇		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ လက်ံပဆိပ်ကျေးရွာတွင် ဖြစ်နှစ်အထက် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို မရှိပါ။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်နေသော မိသားစုများ နှင့် မိသားစုများများ၍ အလွန် ကြပ်တည်း နေမှုများရှိပြီး အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓		✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)			✓	✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း			✓	✓		
၂၀	သစ်တောပြုန်းတီးခြင်း			✓	✓		
၂၁	၄က်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု			✓	✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။

။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။
(ဥပမာ။။။
အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ လက်ံပဆိပ်ကျေးရွာသည် သဘာဝဘေးအန္တရာယ် ကျရောက်မှုများအတွက် ထိခိုက်မှု (နိမ့်)ရှိပြီး ကာကွယ်ရေးအစီအမံများလည်း အားနည်းလျက်ရှိပါသည်။ တိရစ္ဆာန် ကူးစက်ရောဂါများလည်း အနည်းငယ် ကျရောက်လျက်ရှိပြီး ဆေးကုသရန် လက်လှမ်းမီမှု ရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	✓					
၃	ဆင်းရဲသားတောင်သူ	✓					
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓					
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓					
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓					
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓					
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓					
၉	ငါးကန်ပိုင်ရှင်များ	✓					
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓					
၁၁	လူနည်းစုလူမျိုးများ	✓					
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓					
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓					
၁၄	ရွှေတွင်းလုပ်သားများ	✓					
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	✓					
၁၆	နေရပ်ပြန်အခြေချသူများ	✓					
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓					

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ လက်ပံဆိပ်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ အများအပြားရှိသဖြင့် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိတို့နေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုပညာ အားနည်းခြင်းတို့ရှိ သော်လည်း ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စုများနှင့် ကားမောင်းပြီး အသက်မွေး သူများ အနည်းငယ် ရှိသည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူမှုရေး	၁□၂□၃✓	၇	၁၀	၂၂	ပညာရေး□ဌေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၂	ဆွမ်းခံအဖွဲ့	၁□၂✓၃□	၃	-	၃	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၃	ကျောင်းအကျိုးတော်ဆောင်	၁□၂✓၃□	၇	-	၇	ပညာရေး✓ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၄	လူငယ်အဖွဲ့	၁□၂✓၃□	၁၃	၂၀	၃၃	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၅	ဂေါပကအဖွဲ့	၁□၂□၃✓	၅	-	၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၆	အမျိုးသမီးရေးရာ	၁□၂✓၃□	-	၁၃	၁၃	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ လက်ပံဆိပ်ကျေးရွာရှိ **ဘာသာရေးနှင့် အခြားလူမှုရေး အဖွဲ့အစည်း**များသည် အမျိုးဘာသာသာသနာနှင့် လူမှုရေးလုပ်ငန်းများအတွက် စွမ်းစွမ်းတမန် ဆောင်ရွက်လျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

